တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၆ ခုနှစ် ၊ တရားမပထမအယူခံမှုအမှတ် - ၁၆၈

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၈၅ တွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ လ ၁ ရက်နေ့စွဲဖြင့် ချမှတ်သော ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံခြင်း။

| | | |
|---|---|---|
| ဦးကျင်စိန် | နှင့် | ဒေါ်ဖာတမာဘီ (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ လွှတ်မန်းမာရက် (ခ) ဦးရွှေသိန်း) |
| (အယူခံတရားလို) | | (အယူခံတရားပြိုင်) |

အယူခံတရားလိုအတွက် ။ ။ ဦးလှစိန် ၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် ။ ။ ဦးမောင်ဖေတင် ၊ တရားလွှတ်တော်ရှေ့နေ

## <u>စီရင်ချက်</u>

နေ့စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဇွန် လ ၁၆ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၈၅ တွင် အယူခံတရားပြိုင် ဒေါ်ဖာတမာဘီက အယူခံတရားလို ဦးကျင်စိန်အပေါ် စာရင်းရှင်းလင်းဖျက်သိမ်းပြီး တရားလိုရသင့်ရထိုက်သော ဝေစုငွေများ ရလိုမှုစွဲဆိုသည်။ ခရိုင်တရားရုံးက အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ လုပ်ကိုင်ခဲ့သည့် စက်နှင့်စက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကို အယူခံတရားပြိုင် ခင်ပွန်းကွယ်လွန်သည့် ၃၁-၁၂-၀၉ နေ့မှစ၍ ဖျက်သိမ်းကြောင်းနှင့် အယူခံတရားပြိုင်သည် ဝေစုနှစ်ပုံ တစ်ပုံ ရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်သည်။ ထိုဒီကရီကို အယူခံတရားလိုက ကျေနပ်မှုမရှိ၍ အယူခံခြင်းဖြစ်သည်။

အယူခံတရားပြိုင် (မူလရုံးတရားလို)၏ ဆိုလွှာတွင် တရားလို၏ခင်ပွန်း ဦးအဗ္ဗဒူရာမန် (ခ) ဦးမွန်နားနှင့် တရားပြိုင်ဦးကျင်စိန်တို့သည် လသာမြို့နယ်၊ အမှတ်- ၈ ရပ်ကွက် ၊ ကျုံးကြီးလမ်း ၊ အမှတ် ၉/၂၃ (မြေညီထပ်)၊ အခန်းအမှတ် ၁၀၃/ဘီ ဆိုင်ခန်းကိုဝယ်ယူပြီး စက်ပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်၍ လုပ်ငန်းများလုပ်ကိုင်ခဲ့ကြောင်း ၊ မြေညီထပ်တိုက်ခန်း တန်ဖိုးငွေ၏ တစ်ဝက်နှင့်ညီမျှသော ငွေကို ဦးကျင်စိန်မှ ဦးအဗ္ဗဒူရာမန်သို့ပေးအပ်ရာ ဆိုင်ခန်းကို တရားပြိုင်တစ်ဦးတည်း ပိုင်ဆိုင်ခဲ့ပြီး ဖြစ်ကြောင်း ၊ ဦးအဗ္ဗဒူရာမန် ကွယ်လွန်ပြီးနောက် တရားဝင်ဇနီးဖြစ်သူ ဒေါ်ဖာတမာဘီ (တရားလို) နှင့် တရားပြိုင်ဦးကျင်စိန်တို့ လုပ်ငန်းစာရင်းရှင်းလင်း ဖျက်သိမ်းနိုင်ရေးအတွက် လူမှုရေးအရ ခေါ်ယူ ညှိနှိုင်းဆွေးနွေးပေးပါရန် တင်ပြလျှောက်ထားခြင်းစာကို ၆-၁၂-၂၀၁၀ ရက်စွဲဖြင့် လသာမြို့အမှတ် - ၈

ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ တရားပြိုင်က တင်ပြလျှောက်ထားခဲ့ကြောင်း ၊ အေးချမ်းဖြိုးကောင်စီတွင် ၂၃-၁၂-၂၀၁၀ နှင့် နောက်ပိုင်းရက်များ၌ တရားလို၏ကိုယ်စားသားဖြစ်သူ ဦးရွှေသိန်းနှင့် ဦးကျင်စိန်တို့နှစ်ဦး ပြောဆိုညှိနှိုင်းခဲ့ကြကြောင်း ၊ နှစ်ဦးနှစ်ဖက် အသေးစိတ်စာရင်းများ တင်ပြခဲ့ကြောင်း ၊ အေးချမ်းဖြိုးကောင်စီဥက္ကဋ္ဌထံ ၁၈-၁-၂၀၁၁ နေ့တွင် နှစ်ဖက်တင်ပြသော စာရင်းဇယားနှင့် စပ်လျဉ်း၍ ညှိနှိုင်းကြရာ တရားပြိုင်က ၎င်း၏စာရင်းအချို့ အပေါင်း ၊ အနှုတ်များယွင်းနေသဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲခွင့်ပြုရန် တောင်းဆိုပြီး စာရင်းစစ် ဦးကျော်မောင်နှင့်အဖွဲ့က ပြည်တွင်းအခွန် ဦးစီးဌာနသို့ တင်ပြရေးဆွဲပေးထားသော ၁၉၉၇ မှ ၂၀၀၈ ခုနှစ်အထိ ၁၁ နှစ်ကာလအတွက် စာရင်းများကို ရပ်ကွက်အေးချမ်းဖြိုးကောင်စီ ဥက္ကဋ္ဌထံ ထပ်မံတင်ပြရာ တရားပြိုင်ဦးကျင်စိန်တင်ပြထားသည့်စာရင်း အပေါင်း၊ အနှုတ်ကို အမှန်ပြင်ဆင်ပြီး တရားလိုသို့ပေးရမည့် ငွေအနက် ကျပ်သိန်း ၁၃၀၀ ကို ပေးအပ်လျှင် ကျေနပ်မည်ဟု ပြောဆိုကမ်းလှမ်းခြင်းကို ဦးကျင်စိန်က လက်မခံသဖြင့် ညှိနှိုင်းမှုကို ရပ်ဆိုင်းခဲ့ကြောင်း ၊ တရားပြိုင် တွက်ချက်တင်ပြထားသော စာရင်းများအရ ၁၉၉၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၉ နှစ်စာ အသားတင်အမြတ်၊ ငွေသားလက်ကျန်၊ ကုန်ပစ္စည်းလက်ကျန်စုစုပေါင်းနှင့် စာရင်းတွင်မပါဝင်သည့် လုပ်ငန်းစတင်သည့် ၁-၇-၁၉၉၇ မှ ၁၉၉၉ ခုနှစ် မတ်လအထိ အသားတင်အမြတ်ငွေ စုစုပေါင်း ၂၉၈၀,၄၉၆၇၂ ကျပ်ကို တရားလိုနှင့် တရားပြိုင် အညီအမျှခွဲဝေ ယူကြမည်ဖြစ်ကြောင်း ၊ ၁-၄-၂၀၁၁ နေ့မှ ဒီကရီချမှတ်သည့်နေ့အထိ ရရှိမည့်အချိုးကျငွေနှင့် ဒီကရီချပြီးသည့်နေ့မှ အမှန်တကယ် ခွဲဝေရရှိသည့်နေ့အထိ ရရှိမည့်အမြတ်ငွေများကို တွက်ချက်ပြီး ပေးအပ်စေသည့် ဒီကရီကို တရားလိုရထိုက်ကြောင်း ၊ တရားလိုမိသားစုနှင့် တရားပြိုင်တို့ နှစ်ဦးစပ်တူ ဖွင့်လှစ်ရောင်းချခဲ့သော လုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းစေသည့် ပဏာမဒီကရီ ချမှတ်ပေးရန်နှင့် တရားလိုရသင့်ရထိုက်သောငွေများကို ကော်မရှင်နာခန့်ထား စာရင်းကောက်ယူပြီး အပြီးသတ်ခွဲဝေပေးစေသည့် ဒီကရီကို တရားလိုကရထိုက်ကြောင်း အဆိုပြုသည်။

အယူခံတရားလို(မူလရုံးတရားပြိုင်)၏ချေလွှာတွင် လုပ်ငန်းကိုတရားပြိုင်တစ်ဦးတည်းသာ လုပ်ကိုင်ခဲ့ပြီး တရားလို၏ခင်ပွန်း ဦးအဗ္ဗဒူရာမန် (ခ) ဦးမွန်နားမှာ အမည်ခံသာဖြစ်ကြောင်း ၊ အေးချမ်းဖြိုးကောင်စီဥက္ကဋ္ဌထံ ၁၈-၁-၂၀၁၁ နေ့တွင် နှစ်ဖက်တင်ပြသော စာရင်းဇယားနှင့် စပ်လျဉ်း၍ ညှိနှိုင်းကြရာ တရားပြိုင်က ၎င်း၏စာရင်းအချို့ အပေါင်း၊ အနှုတ် မှားယွင်းနေသဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲခွင့်ပြုရန် တောင်းဆိုပြီး စာရင်းစစ် ဦးကျော်မောင်နှင့်အဖွဲ့က ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ တင်ပြရန် ရေးဆွဲပေးထားသော ၁၉၉၇ မှ ၂၀၀၈ ခုနှစ်အထိ ၁၁ နှစ်ကာလအတွက် စာရင်းများကို ရပ်ကွက်အေးချမ်းဖြိုးကောင်စီ ဥက္ကဋ္ဌထံသို့ ထပ်မံတင်ပြရာဟူသော အချက်မှအပ ကျန်စကားရပ်များ ငြင်းဆိုကြောင်း ၊ တရားပြိုင်မှ တရားလိုသို့ ကျပ်သိန်း ၁၃၀၀ ကို ပေးအပ်ရန်မလိုသဖြင့် ညှိနှိုင်းမှုကို လက်မခံခဲ့ခြင်းသာဖြစ်ကြောင်း ၊ ၂၀၀၈ ခုနှစ် မတိုင်မီကတည်းက ဦးအဗ္ဗဒူရာမန် (ခ) ဦးမွန်နားနှင့် ငွေကြေးကိစ္စအဝဝကို ရှင်းလင်းခဲ့ပြီး တရားပြိုင်ဘက်မှ ဦးအဗ္ဗဒူရာမန် (ခ) ဦးမွန်နား ကျန်ရှိသည့် စက်ပစ္စည်းအချို့နှင့် ပတ်သက်၍ တရားပြိုင်ပိုင် ဆိုင်တွင် ဆက်လက်ထားရှိမှုကြောင့် တရားပြိုင်၏ ရောင်းဝယ်ရေးကိစ္စ အနှောင့်အယှက်ဖြစ်သဖြင့် ၆-၁၂-၂၀၁၀ ရက်နေ့တွင် ၎င်းစက်ပစ္စည်းများကို လာရောက်ယူရန်အတွက် သက်ဆိုင်ရာရယကထံသို့ အကြောင်းကြားခဲ့ခြင်းသာဖြစ်ကြောင်း ၊ အဆိုလွှာတွင် တရားပြိုင်နှင့် တရားလိုသည် ၁-၇-၁၉၉၇ မှစ၍ အကျိုးတူအစုစပ်လုပ်ငန်း လုပ်ကိုင်ခဲ့ကြပါသည်ဟူသော ဖော်ပြချက်အရ စတင်လုပ်ကိုင်သည့် ၁-၇-၁၉၉၇ မှစ၍ အဆိုပါလုပ်ငန်းနှင့် ပတ်သက်သည့် ငွေပေးငွေယူပြုလုပ်ခဲ့မှု တစ်စုံတစ်ရာ မပေါ်ပေါက်ကြောင်း၊ ၁၉၉၇ ခုနှစ်မှစတင်၍ ငွေမရရှိသည့်အပေါ် ယခုအချိန်မှ တရားစွဲဆိုလာခြင်းမှာ ကာလစည်းကမ်းသတ် ကျော်လွန်လျက်ရှိကြောင်း ၊ ဦးအဗ္ဗဒူရာမန် (ခ)ဦးမွန်နားနှင့်တရားပြိုင်တို့မှာ တစ်ဦးနှင့်တစ်ဦး ငွေကြေးကိစ္စအပြေအလည် ဖြေရှင်းပြီးဖြစ်ကြောင်း၊

တရားလိုမှမသိရှိ၍သာ ယခုအမှုကို တရားစွဲဆိုခြင်းဖြစ်ကြောင်း ၊ အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍ မည်သည့်အခါကမျှ မှတ်ပုံတင်သွင်းခဲ့ခြင်းမရှိ၍ အကျိုးအမြတ်ကိုလည်း တောင်းဆိုပိုင်ခွင့် မရှိကြောင်း၊ အစုစပ်လုပ်ငန်းကို နှစ်ဦးသဘောတူ ဖျက်သိမ်းခဲ့ပြီးဖြစ်၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း ချေပသည်။

ဆိုလွှာ ချေလွှာအရ အောက်ပါရုံးငြင်းချက်များထုတ်၍ စစ်ဆေးသည် -

၁။ ယခုအမှုကို တရားစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်မှာ မှန်သလား။

၂။ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မှန်သလား။

၃။ တရားလို၏ခင်ပွန်းနှင့် တရားပြိုင်တို့သည် ၁-၇-၁၉၉၇ ရက်နေ့မှစ၍ လုပ်ကိုင်ခဲ့သော စက်နှင့်စက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းပေးရန် လိုအပ်သည်ဆိုသည်မှာ မှန်သလား။

၄။ တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်းတို့ဖြစ်သည်။

ခရိုင်တရားရုံးကရုံးငြင်းချက် ၂ကို ပဏာမငြင်းချက်အဖြစ် ဆုံးဖြတ်ပေးခဲ့ပြီး သက်သေခံချက်များရယူကာ ကျန်ရုံးငြင်းချက်များကို အယူခံတရားပြိုင်ဘက်သို့ အသာပေးဖြေဆို၍ ပဏာမဒီကရီ ချမှတ်သည်။

အယူခံတရားလို၏ ရှေ့နေက အယူခံတရားလိုနှင့် အယူခံတရားပြိုင်၏ ခင်ပွန်းဖြစ်သူ ဦးအဗ္ဗဒူရာမန်တို့ ချုပ်ဆိုခဲ့သည့် ၁၇-၁-၂၀၀၈ ရက်စွဲပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် အကျိုးခံစားခွင့်များ၏ တစ်ဝက်အရောင်းအဝယ် စရံပေးကတိစာချုပ် (သက်သေခံ ၇) ၏ စာအပိုဒ် ၆ တွင် အခန်းအတွင်း၌ ရှိသော စက်ပစ္စည်းများနှင့် ပတ်သက်၍ ၆-၄-၂၀၀၈ ရက်နေ့မှစတင်ပြီး တစ်ယောက်တစ်ဝက် ခွဲဝေယူကြရန် နှစ်ဦးနှစ်ဖက် ဝန်ခံကတိပြုကြပါသည်ဟု ဖော်ပြထားကြောင်း ၊ မူလရုံးတရားလို၏ ခင်ပွန်းဖြစ်သူနှင့် မူလရုံးတရားပြိုင်တို့ လုပ်ခဲ့သည့်လုပ်ငန်းမှာ စက်ပစ္စည်းအရောင်းအဝယ် စပ်တူလုပ်သည့် လုပ်ငန်းဖြစ်ကြောင်း ၊ ထိုလုပ်ငန်းကို ၆-၄-၀၈ ရက်နေ့မှစပြီး တစ်ဝက်ခွဲဝေယူကြရန် ကတိပြုချက်အရ အယူခံတရားပြိုင်မှ ၇-၆-၂၀၁၁ နေ့တွင် တရားစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ် အက်ဥပဒေအပိုဒ် ၁၀၆ တွင် ကုန်ဖက်စပ်ကြသည်ကို ဖျက်သိမ်းကြရာ စာရင်းနှင့်တကွ ဝေစု၏အမြတ်ရလိုမှုအား ဖျက်သိမ်းကြသည့် နေ့ရက်ကစ၍ ၃ နှစ်အတွင်း စွဲဆိုရမည်ဟု ပြဋ္ဌာန်းထားကြောင်း ၊ ဖျက်သိမ်းပြီးသော အစုစပ်လုပ်ငန်း၏ စာရင်းရှင်းလင်းရန် သက်သက်စွဲဆိုသောအမှုကို ဖျက်သိမ်းပြီး ၃ နှစ်အတွင်း အပိုဒ် - ၁၀၆ အရ စွဲဆိုရကြောင်း **T.P MAMOOTY Vs MA THEIN HIAING (a) MA ASARA အမှု** [၁] တွင် စီရင်ထုံးပြုထားကြောင်း၊ ခရိုင်တရားရုံးမှ အမှုစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်မှာ မမှန်ဟုဖြေဆိုခဲ့ခြင်းမှာ မှားယွင်းလျက်ရှိကြောင်း၊ အယူခံတရားလိုနှင့် အယူခံတရားပြိုင်၏ ခင်ပွန်းဖြစ်သူ ဦးအဗ္ဗဒူရာမန်တို့ ငွေကျပ် ၁၀ သိန်းစီ ထည့်ဝင်၍ စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ပြီးနောက် ၁၄-၁-၁၉၉၇ နေ့တွင် ကျုံးကြီးလမ်း၊ (၂၃×၂၄ လမ်းကြား) ၊ ၈ ရပ်ကွက် ၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ အလျား ၉ ပေ × အနံ ပေ ၅၀ × အမြင့် ၁၂ ပေအကျယ်ရှိအခန်းအား တန်ဖိုးငွေကျပ် ၇၂ သိန်းတိတိဖြင့် ဝယ်ယူခဲ့ကြောင်း၊ ဦးအဗ္ဗဒူရာမန်

---

၁။ ၁၉၆၉ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ - ၈၀

မှ ၎င်းအစုစပ်လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လိုကြောင်း ပြောသဖြင့် အယူခံတရားလိုမှ ၁၇-၁-၂၀၀၈ နေ့တွင် တိုက်ခန်းပိုင်ဆိုင်မှုနှင့် အကျိုးခံစားခွင့်များ၏တစ်ဝက် အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ချုပ်ဆိုကာ ကျပ်သိန်း ၂၂၀၀ တန်ဖိုးသတ်မှတ်ပြီး ဦးအဗ္ဗဒူရာမန်သို့ ကျပ်သိန်း ၁၁၀၀ ကို သက်သေခံ ၇ နှင့် သက်သေခံ ၈ စာချုပ်များအရ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ။ သက်သေခံ ၇ စာချုပ် အပိုဒ် ၆ တွင် ၆-၄-၀၈ ရက်နေ့မှစတင်ပြီး စက်ပစ္စည်းများနှင့် ပတ်သက်၍ တစ်ယောက်တစ်ဝက်စီ ခွဲဝေယူကြရန်ဟူသော ကတိများအရ၊ ထိုနေ့နောက်ပိုင်းရောင်းချသည့် အကျိုးအမြတ်ခံစားခွင့်ကို အယူခံတရားပြိုင် ခံစားခွင့်မရှိတော့ကြောင်း၊ အယူခံတရားလိုမှ ၆-၁၂-၂၀၁၀ ရက်စွဲဖြင့် ပေးပို့ခဲ့သည့်စာတွင် ဆိုင်ခန်းလုပ်ငန်းပိုင်း စက်နှင့်စက်ပစ္စည်းများနှင့် ပတ်သက်၍လည်း နှစ်ဦးနှစ်ဖက် တစ်ဝက်စီခွဲဝေယူကြရန် နှစ်ဦးသဘောတူ၍ စာရင်းအတူပြုစုပြီးလည်း ဖြစ်ပါသည်ဟူ၍ ဖော်ပြခြင်းမှာ သက်သေခံ ၇ စာအပိုဒ် ၆ တွင်ပါရှိသော ဦးအဗ္ဗဒူရာမန်က စက်ပစ္စည်းများအား လာရောက်မယူ၍ အယူခံတရားလို၏ဆိုင်တွင် အနှောင့်အယှက် ဖြစ်နေသည့်အတွက် လာရောက်ယူရန် အကြောင်းကြားခဲ့ ခြင်းသာဖြစ်ကြောင်း ။ စက်ပစ္စည်းရောင်းရငွေများနှင့် ပတ်သက်သည့် အကျိုးအမြတ်များ ရရှိရန်ဟူသော အချက်မပါရှိကြောင်း၊ အယူခံတရားပြိုင်၏ ခင်ပွန်းရရှိသည့် စက်ပစ္စည်းများအတွက် အကြောင်းကြားခဲ့ခြင်းအပေါ် တစ်ဖက်မှရောင်းရငွေများအား စာရင်းပြုလုပ်ပေးရန် တောင်းဆိုမှုကို အယူခံတရားလိုမှ နားလည်မှုလွဲ၍ စာရင်းဇယားများကို တင်ပြရန်အကြောင်းမရှိဘဲ တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ အယူခံတရားပြိုင်ထံသို့ ၁၇-၁-၂၀၀၈ နေ့စွဲပါ စာချုပ်အရ ကျပ်သိန်း ၁၁၀၀ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း အငြင်းမထွက်သဖြင့် စာရင်းရှင်းလင်းရန် မလိုတော့ကြောင်း မြင်သာနေပါလျက် ခရိုင်တရားရုံးမှ စာရင်းရှင်းလင်းဖျက်သိမ်းရန် လိုအပ်သည်ဟု အမိန့်ချမှတ်ခြင်းမှာ မှားယွင်းနေကြောင်း ။ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့အကြားတွင် သက်သေခံ ၇ စာချုပ်အပိုဒ် ၆ အရ ၆-၄-၂၀၀၈ ရက်နေ့တွင် စာရင်းရှင်းလင်းဖျက်သိမ်းပြီးဖြစ်ခြင်း၊ အယူခံတရားလို စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေခြင်း ။ အကျိုးအမြတ်များ ခွဲဝေပေးပြီးဖြစ်ခြင်းတို့ကြောင့် အယူခံတရားပြိုင်အား ဝေစု၏နှစ်ပုံတစ်ပုံကို ရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီ ချမှတ်ပေးခြင်းမှာ မှားယွင်းနေကြောင်း၊ ခရိုင်တရားရုံး၏ ဒီကရီအား ပယ်ဖျက်ပေးရန် လျှောက်လဲသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အယူခံတရားပြိုင်၏ ခင်ပွန်း ဦးအဗ္ဗဒူရာမန် (ခ) မွန်နားနှင့် အယူခံတရားလို ဦးကျင်စိန်တို့သည် ၁၉၉၇ ခုနှစ်ကစ၍ အစုစပ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်မှာ အငြင်းမပွားကြောင်း ။ အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၄၂ (ဂ) တွင် အစုစပ်ဝင်တစ်ဦး သေဆုံးခဲ့လျှင် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ကာလစည်းကမ်းသတ် ဥပဒေဇယား ပထမအပိုဒ် ၁၀၆ တွင် ကုန်ဖက်စပ်ကြသည်ကို ဖျက်သိမ်းကြရာ စာရင်းနှင့်တကွ ဝေစုသင့်အမြတ်ငွေရလိုမှု စွဲဆိုလိုလျှင် အစုစပ်လုပ်ငန်း ဖျက်သိမ်းကြသည့် နေ့ရက်ကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရန် စည်းကမ်းသတ်ကာလ သတ်မှတ်ထားကြောင်း၊ အစုစပ်ဝင်သေဆုံး၍ အစုစပ်လုပ်ငန်းပျက်သွားပြီးနောက် အစုစပ်လုပ်ငန်းကို ဖျက်သိမ်း၍ စာရင်းရှင်းလင်းပေးစေရန် စွဲဆိုသောအမှုမျိုးတွင် အစုစပ်ဝင်သေဆုံးသည့်နေ့ကစ၍ ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အပိုဒ် - ၁၀၆ ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ကြောင်း T.P MAMOOTY Vs MA THEIN HIAING (a) MA ASARA စီရင်ထုံးတွင် ထုံးဖွဲ့ထားကြောင်း၊ အစုစပ်ဝင်တစ်ဦးဖြစ်သူ ဦးအဗ္ဗဒူရာမန်သည် ၃၁-၁၂-၂၀၀၉ နေ့တွင် ကွယ်လွန်သဖြင့် ၃၁-၁၂-၂၀၀၉ နေ့ကစတင်၍ ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအပိုဒ် ၁၀၆ အရ ၃ နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ မူလတရားမကြီးမှုကို စွဲဆိုသည့်နေ့မှာ ၇-၆-၂၀၁၁ နေ့ဖြစ်၍ ကာလစည်းကမ်းသတ် ၃ နှစ်အတွင်း စွဲဆိုခြင်းဖြစ်ကြောင်း ။ ကာလစည်းကမ်းသတ်အက်ဥပဒေ ၁၉ အရ ပစ္စည်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အခွင့်အရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊

တရားမကြီးမှုစွဲဆိုရန် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ အပိုင်းအခြား မကုန်ဆုံးမီ ထိုပစ္စည်းကိုဖြစ်စေ၊ ထိုအခွင့်အရေးကိုဖြစ်စေ တောင်းဆိုခြင်းခံရသူက တာဝန်ရှိကြောင်း ရေးသားလက်မှတ်ရေးထိုး၍ ဝန်ခံချက်ပြုရာရောက်သောကိစ္စတွင် ထိုသို့ဝန်ခံချက်ပြုသည့် အခါမှစ၍ စည်းကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ရယကရုံးတွင် နောက်ဆုံးညှိနှိုင်းခဲ့ကြသည့် ၂၅-၂-၂၀၁၁နေ့ကစ၍ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၉အရ ကာလစည်းကမ်းသတ်ကို ရေတွက်ရမည်ဖြစ်ကြောင်း၊ သက်သေခံ (စ) ဖြင့် တင်ပြထားသော စာရင်းစစ် ဦးကျော်မောင်၏ အစီရင်ခံစာအရ ၁၆-၂-၂၀၁၁ နေ့ကစ၍ အသစ်တဖန် ပြန်လည်ရေတွက်လျှင်လည်း အမှုစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ်အတွင်း ကျရောက်ကြောင်း၊ အယူခံတရားလို ဦးကျင်စိန်နှင့် ပြိုင်ပြသက်သေ ဦးကျင်စိန်၏ဇနီး ဒေါ်တင်လှိုင်တို့က တရားလိုနှင့် တရားပြိုင်တို့အကြား ပစ္စည်းခွဲဝေရန် မကျန်ရှိတော့ကြောင်း နှုတ်ဖြင့်ငြင်းဆိုသော်လည်း တရားပြိုင်ဘက်မှ သက်သေခံ တင်သွင်းသော သက်သေခံ ၇ ကတိစာချုပ်၏ အပိုဒ် ၆ နှင့် ၇ တို့တွင် ဖော်ပြချက်များအရ စက်ပစ္စည်းများနှင့် စပ်လျဉ်း၍ ထိုစာချုပ်ချုပ်ဆိုသည့် ၁၇-၁-၂၀၀၈ နေ့တွင် ခွဲဝေခြင်းမပြုရသေးကြောင်း ဝန်ခံထားကြသည့်အပြင် ထိုနေ့နောက်ပိုင်းတွင် စက်နှင့်စက်ပစ္စည်းများကို ခွဲဝေပေးသည့် စာချုပ်စာတမ်း တစ်စုံတစ်ရာ မရှိကြောင်းကိုလည်း ဝန်ခံထားပြီးဖြစ်ကြောင်း ။ သက်သေခံ ၈-၁ မှ ၈-၇ ထိပါ စာရင်းဇယားများသည် ဦးကျင်စိန်လက်ရေးဖြင့် ၁၉၉၉ မှ ၂၀၀၈ နှစ်ထိ ဖော်ပြထားသောစာရင်းကို ၈-၁-၂၀၁၁ နေ့တွင် ရေးဆွဲပြီး လသာမြို့နယ် အမှတ် ၈ (ရယက) ရုံးသို့ တင်ပြခဲ့သဖြင့် ၈-၁-၂၀၁၁ နေ့အထိ စာရင်းမရှင်းရသေးသည်မှာ အငြင်းမပွားကြောင်း၊ လသာမြို့နယ်၊ အမှတ် ၈ ရယကရုံး၌ နှစ်ဦးနှစ်ဖက် ပစ္စည်းနှင့်ငွေသား ခွဲဝေယူကြရန် ညှိနှိုင်းခဲ့ကြကြောင်း သက်သေခံ (ဆ) အရ ပေါ်ပေါက်နေကြောင်း ၊ ဦးကျင်စိန်၏လက်ရေးဖြင့် ၁၉၉၉ မှ ၂၀၀၈ ခုနှစ်အထိ ရေးဆွဲထားသောငွေစာရင်း၊ ပစ္စည်းစာရင်းလယ်ဂျာပေါင်းချုပ် စာရင်းဇယား သက်သေခံ (၈-၁) မှ (၈-၈) သက်သေခံ စာရွက်စာတမ်းများအနက် သက်သေခံ (၈-၈) မှာ စာရင်းအားလုံး၏ စာရင်းပေါင်းချုပ်ဖြစ်ကြောင်း ဦးကျင်စိန်၏ ထွက်ဆိုချက်တွင် ဝန်ခံထားကြောင်း ၊ စာရင်းစစ် ဦးကျော်မောင်၏ စာရင်းစစ်ဆေးရန် အစီရင်ခံစာအရ ၁၉၉၇ ခုနှစ် ၊ ၂၀၀၈ ခုနှစ်အထိ ၁၁ နှစ်စာရင်းကို ဦးကျင်စိန်နှင့် အခြားတစ်ဦးတို့ အညီအမျှခွဲဝေယူကြရန် ဖြစ်သည်ဆိုသော အချက်ပေါ်ပေါက်နေကြောင်း၊ နှစ်ဦးပိုင်ဆိုင်ခန်းကို ခွဲဝေယူခဲ့ကြပြီးဖြစ်၍ စက်နှင့်စက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတွင် ရောင်းချနေသော စက်နှင့်စက်ပစ္စည်းများနှင့် ငွေသားလက်ကျန် စက်ပစ္စည်းလက်ကျန်တို့ကို ထပ်မံစာရင်းရှင်းလင်းပေးရန် လိုအပ်နေသဖြင့် အယူခံအကြောင်းပြချက်ကို လက်မခံသင့်ကြောင်း၊ စက်ပစ္စည်းဆိုင်၌ရှိနေသော နှစ်ဦးပိုင်ငွေသားနှင့် ရောင်းကုန်ဖြစ်သော စက်နှင့်စက်ပစ္စည်းများကို တရားလိုနှင့် တရားပြိုင်တို့ တစ်ယောက်တစ်ဝက်စီ ခွဲဝေရယူသည့် ပဏာမဒီကရီ ချမှတ်ခဲ့ခြင်းမှာ တရားမျှတမှန်ကန်သဖြင့် အယူခံလွှာကို စရိတ်နှင့်တကွ ပလပ်ပေးရန် လျှောက်လဲသည်။

ဤအယူခံမှုတွင် စွဲဆိုမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းရှိမရှိနှင့် မူလရုံးတရားလို၏ခင်ပွန်းနှင့် မူလရုံးတရားပြိုင်တို့ လုပ်ကိုင်ခဲ့သည်လုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းရန် လိုအပ်ခြင်းရှိမရှိ အဓိကစိစစ်ဆုံးဖြတ်ရမည်ဖြစ်သည်။

အမှုတွင် တင်ပြထားသော နှစ်ဖက်သက်သေခံချက်များအရ မူလရုံးတရားလို၏ခင်ပွန်း ဦးအဗ္ဗဒူရာမန်နှင့် မူလရုံးတရားပြိုင် ဦးကျင်စိန်တို့သည် စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို နှစ်ဦးအကျိုးတူ လုပ်ကိုင်ခဲ့ကြရာ နှစ်ဦးပိုင်ငွေဖြင့် ဝယ်ယူထားသောဆိုင်ခန်းကို ၁၇-၁-၂၀၀၈ နေ့စွဲပါ သက်သေခံ (၇) စာချုပ်၊ ၂-၂-၂၀၀၈ နေ့စွဲပါ သက်သေခံ (၈) စာချုပ်များချုပ်ဆို၍ မူလရုံးတရားပြိုင်က မူလရုံးတရားလို၏ခင်ပွန်းသို့ ဆိုင်ခန်းတန်ဖိုးကျပ်သိန်း ၁၁၀၀ ကို ပေးချေကာ မူလရုံးတရားပြိုင် တစ်ဦးတည်းပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိခဲ့ကြောင်း နှစ်ဖက်အငြင်းမပွားပေ။

မူလရုံးတရားပြိုင်က ၆-၁၂-၂၀၁၀ နေ့စွဲပါ သက်သေခံ (၉) စာဖြင့် လုပ်ငန်းစာရင်းရှင်းလင်း ဖျက်သိမ်းနိုင်ရေးအတွက် လူမှုရေးအရ ခေါ်ယူညှိနှိုင်းပေးရန် လသာမြို့နယ် ၊ အမှတ် - ၈ ရပ်ကွက် ၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ တင်ပြခဲ့ရာမှ မူလရုံးတရားလိုဘက်နှင့် မူလရုံးတရားပြိုင်တို့ ရပ်ကွက်ရုံးတွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ငွေကြေးစာရင်းများကို မူလရုံးတရားပြိုင်က တင်ပြခဲ့ကြောင်းမှာလည်း နှစ်ဖက်အငြင်းမပွားပေ။ ထိုသို့ညှိနှိုင်းစဉ် တရားပြိုင်ဦးကျင်စိန်က ၎င်းတင်ပြသည့် စာရင်းဇယားများတွင် အပေါင်း၊ အနှုတ်စာရင်းများ မှားယွင်းနေ၍ စာရင်းစစ် ဦးကျော်မောင်အဖွဲ့နှင့် စာရင်းရှင်းလင်းစေပြီး ဦးကျော်မောင် စာရင်းစစ်အဖွဲ့မှ စစ်ဆေးသည့် စာရင်းဇယား သက်သေခံ (၁၀) ကို တင်ပြရာတွင် နှစ်ဘက်ညှိနှိုင်း၍မရခဲ့ဘဲ မူလရုံးတရားလိုက နှစ်ဦးအကျိုးတူ လုပ်ကိုင်ခဲ့သည့်လုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းပြီး တရားလိုရသင့်သော ဝေစုငွေ များ ရလိုမှုအဖြစ် ယခုအမှုကို စွဲဆိုခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို (မူလရုံးတရားပြိုင်) က ၆-၂-၂၀၀၈ နေ့မှစ၍ ထက်ဝက်ခွဲဝေယူရန် ကတိပြုထားပြီးဖြစ်၍ နှစ်ဦးအကျိုးတူ လုပ်ကိုင်သည့်လုပ်ငန်းကို ဖျက်သိမ်းပြီးကြောင်း တင်ပြခဲ့သည်။ အယူခံတရားပြိုင် (မူလရုံးတရားလို) က ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် တရားပြိုင်က လုပ်ငန်းစာရင်းရှင်းလင်း ဖျက်သိမ်းနိုင်ရေးအတွက် ၆-၁၂-၂၀၁၀ နေ့စွဲပါ သက်သေခံ (၉) စာဖြင့် တင်ပြချက်အရ စာရင်းရှင်းလင်း ဖျက်သိမ်းရမည့် အမှုဖြစ်ကြောင်း တင်ပြသည်။

အစုစပ်လုပ်ငန်းကို ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းရန် စွဲဆိုသည့်အမှုဖြစ်လျှင် ကာလစည်းကမ်းသတ် ဥပဒေပထမဇယားစာအပိုဒ် ၁၂၀ နှင့် သက်ဆိုင်ကြောင်း **အေဆိုရာဆန်နီနှင့် စီအများ အမှု** [၂] တွင်လည်းကောင်း၊ ဖျက်သိမ်းပြီးသော အစုစပ်လုပ်ငန်းကို စာရင်းရှင်းလင်းရန် သက်သက်စွဲဆိုသည့် အမှုဖြစ်လျှင် ကာလစည်းကမ်းသတ် ဥပဒေပထမဇယားစာအပိုဒ် ၁၀၆ အရ ဖျက်သိမ်းပြီး ၃ နှစ်အတွင်း စွဲဆိုရန်ဖြစ်ကြောင်း၊ **တီပီမန်မူသီး နှင့် မသိန်းလှိုင် (ခ) မအဆာရာ အမှု** [၃] တွင်လည်းကောင်း ညွှန်ပြထားသည်။

မူလရုံးတရားလို၏ခင်ပွန်းနှင့် မူလရုံးတရားပြိုင်တို့သည် သက်သေခံ ၇ ၊ ၈ စာချုပ်များ ချုပ်ဆို၍ နှစ်ဦးအကျိုးတူလုပ်ဆောင်သော လုပ်ငန်းလုပ်ကိုင်သည့် ဆိုင်ခန်းကို တန်ဘိုးကျပ်သိန်း ၂၂၀၀ သတ်မှတ်ပြီး တန်ဘိုး၏ထက်ဝက်ငွေကျပ်သိန်း ၁၁၀၀ ကို မူလရုံးတရားပြိုင်က မူလရုံးတရားလို၏ ခင်ပွန်းသို့ပေးချေ၍ ဆိုင်ခန်းကိုခွဲဝေခဲ့ကြပြီး သက်သေခံ (၇) စာချုပ်အပိုဒ် ၆ တွင် လုပ်ငန်းလုပ်သည့် ဆိုင်ခန်းတွင်းရှိသော စက်ပစ္စည်းများနှင့် ပတ်သက်၍ ၆-၂-၂၀၀၈ နေ့မှစတင်ပြီး တစ်ယောက်တစ်ဝက် ခွဲဝေယူကြရန် ဝန်ခံကတိပြုထားပြီးဖြစ်သည်။ သို့သော်လည်း ယင်းသဘောတူညီချက်အတိုင်း စက်ပစ္စည်းများကို တစ်ယောက်တစ်ဝက် ခွဲဝေရယူပြီး လုပ်ငန်းကိုဖျက်သိမ်းသည့် ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ကြကြောင်း သက်သေခံချက်များ ပေါ်ပေါက်ခြင်းမရှိပေ။

မူလရုံးတရားပြိုင် ကိုယ်တိုင်ပေးပို့သော သက်သေခံ (၉) စာအရလည်း စက်နှင့် စက်ပစ္စည်းများနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက် ထက်ဝက်စီခွဲဝေယူကြရန် နှစ်ဦးသဘောတူ၍ စာရင်းပြုစုထားပြီးဖြစ်ကြောင်း ၊ စက်နှင့်စက်ပစ္စည်းဆိုင် လုပ်ငန်းရှင်းလင်း ဖျက်သိမ်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရန် အကြောင်းကြားခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ ထက်ဝက်စီခွဲဝေမည့် စက်ပစ္စည်းများ

---

၂။ ရန်ကုန်အတွဲ - ၆ ၊ စာ - ၁၉၈

၃။ ၁၉၆၉ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ - ၈၀ (ရုံးချုပ်)

စာရင်းကို သက်သေခံ (၉) ဖြင့် ပူးတွဲတင်ပြထားခြင်းမရှိဘဲ ငွေကြေးစာရင်းဇယားကိုသာ တင်ပြခဲ့သည်။ ထက်ဝက်ခွဲဝေသည့် စက်နှင့်စက်ပစ္စည်းများကို မူလရုံးတရားလို၏ခင်ပွန်းက ရယူခဲ့ခြင်းမရှိကြောင်းလည်း သက်သေခံချက်များအရ ထင်ရှားနေသဖြင့် စက်နှင့်စက်ပစ္စည်း ရောင်းဝယ်ရေးအကျိုးတူလုပ်ငန်းကို ၆-၂-၂၀၀၈ နေ့မှစ၍ ဖျက်သိမ်းခဲ့ပြီးဖြစ်သည်ဟု ကောက်ယူနိုင်မည်မဟုတ်ပေ။

ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားစာအပိုဒ် - ၁၀၆ တွင် ကုန်ဖက်စပ်ကြသည် ဖျက်သိမ်းကြရာ စာရင်းနှင့်တကွ ဝေစုသင့်အမြတ်ရလိုမှုကို ဖျက်သိမ်းသည့်နေ့ကစ၍ ၃ နှစ်အတွင်း စွဲဆိုရန်ပြဌာန်းထားသည်။

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ (၁) တွင် ပစ္စည်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ တရားမကြီးမှုစွဲဆိုရန်(သို့မဟုတ်) လျှောက်ထားမှုပြုရန် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ အပိုင်းအခြားမကုန်ဆုံးမီ ထိုပစ္စည်းကိုဖြစ်စေ၊ ထိုအခွင့်အရေးကိုဖြစ်စေ တောင်းဆိုခြင်းခံရသူက သို့တည်းမဟုတ် ထိုတောင်းဆိုခြင်းခံရသူအား ပိုင်ဆိုင်ခွင့်ကိုသော်လည်းကောင်း၊ တာဝန်ရှိခြင်းကိုသော်လည်းကောင်း သက်ဆင်းစေသောအခြားသူက အဆိုပါပစ္စည်းနှင့် စပ်လျဉ်း၍ သို့တည်းမဟုတ် အဆိုပါအခွင့်အရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိကြောင်း ရေးသားလက်မှတ်ထိုး၍ ဝန်ခံချက်ပြုသောကိစ္စတွင် ထိုသို့ဝန်ခံချက်ပြုသည့် အခါမှစ၍ စည်းကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်ရေတွက်ရမည်ဟု ပြဌာန်းထားသည်။ မူလရုံးတရားလိုနှင့် တရားပြိုင်တို့ကြားတွင် လုပ်ငန်းငွေကြေးစာရင်းများကို ရှင်းလင်းခြင်းမရှိသေးကြောင်း သက်သေခံ ၉ ၊ ၁၀ တို့အရ ထင်ရှားနေပြီး မူလရုံးတရားပြိုင်က ရှင်းလင်းပေးရမည့် တာဝန်ရှိကြောင်းမှာလည်း သက်သေခံချက်များအရ ထင်ရှားပေါ်ပေါက်နေသည်။

မူလရုံးတရားပြိုင် တင်ပြသကဲ့သို့ ၆-၂-၂၀၀၈ နေ့တွင် လုပ်ငန်းဖျက်သိမ်းကြပြီးဖြစ်၍ ထိုနေ့မှစပြီး ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားစာအပိုဒ် ၁၀၆ အရ ၃ နှစ်အတွင်းစွဲဆိုရန် ဆိုသောအချက်ကို လက်ခံသည့်တိုင်အောင် ထို ၃ နှစ်ကာလမကုန်ဆုံးမီ ၆-၁၂-၂၀၁၀ နေ့စွဲပါ သက်သေခံ (၉) စာဖြင့် မူလရုံးတရားလို ခံစားရရှိမည့် အခွင့်အရေးနှင့် စပ်လျဉ်းပြီး မူလရုံးတရားပြိုင်ကိုယ်တိုင်က တာဝန်ရှိကြောင်း လက်မှတ်ရေးထိုး ဝန်ခံချက်ပြုထားသဖြင့် ၆-၁၂-၂၀၁၀ နေ့မှစ၍ ကာလစည်းကမ်းသတ် အပိုင်းအခြားအသစ်ကို ရေတွက်ခွင့်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ၆-၁၂-၂၀၁၀ နေ့မှ စတင်ရေတွက်ပါကလည်း မူလတရားမကြီးမှုကို ၇-၆-၂၀၁၁ နေ့တွင် စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ် ၁၀၆ အရ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

နှစ်ဖက်တင်ပြထားသော သက်သေခံစာရွက်စာတမ်းများအရ အကျိုးတူလုပ်ငန်းအတွက် စာရင်းရှင်းလင်းရန် ကျန်ရှိနေ၍ ရယကရုံးတွင် စာရင်းများတင်ပြပြီး ညှိနှိုင်းဖြေရှင်းခြင်း ၊ စာရင်းစစ်အစီရင်ခံစာ ရေးဆွဲတင်ပြခြင်းများမှာ အမှုတွင်အငြင်းမပွား ထင်ရှားနေသဖြင့် မူလရုံးကစွဲဆိုမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း၊ လုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းရန်လိုအပ်ကြောင်း ဆုံးဖြတ်ခြင်းသည် မှားယွင်းခြင်းမရှိပေ။

သို့ဖြစ်၍ စာရင်းရှင်းလင်း ဖျက်သိမ်းပြီးဖြစ်ကြောင်း ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း အကြောင်းပြချက်များဖြင့် တက်ရောက်လာသည့် တရားမအယူခံမှုကို ခွင့်ပြုရန်အကြောင်းမရှိပေ။

ထို့ကြောင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက မူလရုံးတရားလိုအား ဝေစု ၂ ပုံ ၁ ပုံ သတ်မှတ်၍ ပဏာမဒီကရီချမှတ်ပြီး ကော်မရှင်နာခန့်ထား ဆောင်ရွက်စေသည့် စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး ဤတရားမပထမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ၂၀၀၀ ကျပ် သတ်မှတ်သည်။

(သင်းသင်းနွဲ့)
တရားသူကြီး